# ရွှေဝါရောင် တော်လှန်ရေး (၃) နှစ်မြောက် နှစ်ပတ်လည် အခမ်းအနား

# ဂျပန်နိုင်ငံရောက် မြန်မာ့ဒီမိုကရေစီ အင်အားစုများ၏ ထုတ်ပြန်ကြေညာချက်

၂၅-၉-၂၀၁၀ တိုကျို၊ ဂျပန်

ကိုယ်ကျိုးရှာ စစ်အာဏာရှင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ဦးဆောင်သည့် နအဖ အာဏာပိုင်တို့၏ မတရား ဖိနှိပ်မှုများကြောင့် မြန်မာနိုင်ငံတွင် ပြည်သူတို့ အလွန်အမင်း ဆင်းရဲဒုက္ခရောက်နေရသည်ကို မကြည့်ရက်နိုင်တော့သဖြင့် ဗုဒ္ဓဘာသာ ရဟန်းသံဃာတော်တို့က မဟာကရုဏာတော်ဖြင့် မေတ္တာသုတ် ရွတ်ဆိုကာ ကြွချီဆန္ဒပြခဲ့သည့် "ရွှေဝါရောင် တော်လှန်ရေးကြီး"မှာ ယခုအခါ (၃) နှစ် ပြည့် အချိန်အခါသို့ ရောက်ရှိလာလေပြီ။

ဗုဒ္ဓဘာသာ ရဟန်းသံဃာတော်တို့က ဦးဆောင်ခဲ့သည့် ဤ"ရွှေဝါရောင် တော်လှန်ရေးကြီး"တွင် ဘာသာပေါင်းစုံ၊ အလွှာပေါင်းစုံမှ ပြည်သူအပေါင်းက လိုက်လိုက်လှဲလှဲ ပါဝင် အားပေးကူညီကာ အကြမ်းမဖက် ငြိမ်းချမ်းစွာဖြင့် မိမိတို့၏ ဒုက္ခတွင်းမှ လွတ်မြောက်ရေးကို လူထုလှုပ်ရှားမှုအသွင်ဖြင့် မြန်မာပြည်အနှံ့အပြား ဆင်နွှဲခဲ့ကြသည်။

သို့သော် အာဏာရှင်များပီပီ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ဦးဆောင်သည့် နအဖ အာဏာပိုင်တို့က ပြည်သူတို့၏ အကျိုးစီးပွားများ ဖြစ်ထွန်းမှုကို မလိုလားသည့်အတိုင်း မြန်မာစစ်တပ်ကို အမိန့်ပေး စေခိုင်းလျက် စစ်မြေပြင်တွင် ရန်သူများကို ရက်စက်ကြမ်းကြုတ်စွာ သတ်ဖြတ်ရှင်းလင်းသည့် စစ်ဆင်ရေးပုံစံမျိုးဖြင့် "ရွှေဝါရောင် တော်လှန်ရေးကြီး" ကို ဖြိုခွဲခဲ့သည်။

ဓမ္မနှင့် အဓမ္မ အားပြိုင်ပွဲတွင် ဓမ္မကသာ အနိုင်ရစမြဲ ဖြစ်သော်လည်း မေတ္တာတရားကို လက်ကိုင် ထားသည့် လက်နက်မဲ့သူတို့နှင့် မေတ္တာတရားကို နားမလည်သော လက်နက်ရှိသူတို့၏ အားပြိုင်ပွဲ ဖြစ်သောကြောင့် ရွှေဝါရောင် တော်လှန်ရေးကြီးမှာ လှုပ်ရှားမှုအားဖြင့် ကျဆုံးခဲ့ရသည်။ သို့သော် တော်လှန်ရေး၏ အနှစ်သာရကား မြန်မာ့သမိုင်း၊ ကမ္ဘာ့သမိုင်းတွင် တဟုန်ထိုး ထွန်းတောက် ထင်ရှား သွားသည်။

ရွှေဝါရောင် တော်လှန်ရေးကြီးကို စတင်ပေးလိုက်သည့် ဗုဒ္ဓဘာသာ ရဟန်းသံဃာတော်တို့က စစ်အာဏာရှင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် နောက်လိုက် လူမိုက်တို့အား ပတ္တနိကုဇ္ဇန ကံဆောင်ကာ သပိတ်မှောက်ထားသည်မှာ ယနေ့ထက်တိုင် မပြီးဆုံးသေးပါ။

စစ်အာဏာရှင်နှင့် လူမိုက်တစုတို့၏ သတ်ဖြတ်မှုကြောင့် ရွှေဝါရောင်တော်လှန်ရေးအတွင်း ကျဆုံး သွားခဲ့ရသူ ဓမ္မဝါဒီ အာဇာနည်အပေါင်းတို့၏ သွေးစက်များကလည်း ယနေ့တိုင် မခြောက်ခမ်းသေးပါ။

ရွှေဝါရောင်တော်လှန်ရေးအတွင်း ပါဝင်အားပေးကူညီမှုကြောင့် မတရားသော ဥပဒေများဖြင့် ဖမ်းဆီး ထောင်ချခံနေရသူတို့လည်း ယနေ့တိုင် လွတ်မြောက်ခြင်း မရှိသေးပါ။

ရဟန်းရှင်လူ ပြည်သူအပေါင်း မေတ္တာစိတ်ထား၍ ညီညွတ်စွာ ဆင်နွှဲခဲ့ကြသော ဤရွှေဝါရောင် တော်လှန်ရေးကို ကျွန်ုပ်တို့ မမေ့အပ်၊ ကျွန်ုပ်တို့၏ မပြီးဆုံးသေးသော အမျိုးသားရေးတာဝန်တရပ် အဖြစ်မှတ်ယူကာ ယနေ့ထက်တိုင် လူထုကိုနှိပ်စက်နေသော အာဏာရှင် အဓမ္မဝါဒီတို့အား အမြစ်ပြတ် ဖယ်ရှားရပေလိမ့်မည်။ ကျွန်ုပ်တို့၏ နောင်လာနောက်သား မျိုးဆက်သစ်အသီးသီးတို့ အားလည်း သမိုင်းအမွေအနှစ်ကောင်းကို လက်ဆင့်ကမ်းပေးရပေလိမ့်မည်။

ယနေ့ (၂၅-၉-၂၀၁၀)နေ့ ဂျပန်နိုင်ငံ တိုကျိုမြို့တော် Shibuya ရှိ ကုလသမဂ္ဂ အဆောက်အဦရှေ့တွင် ကျင်းပသော ရွှေဝါရောင်တော်လှန်ရေး (၃)နှစ်ပြည့် အခမ်းအနား၌ ဂျပန်နိုင်ငံရောက် ကျွန်ုပ်တို့ မြန်မာ့ဒီမိုကရေစီအင်အားစုတို့က အဓမ္မဝါဒီ စစ်အာဏာရှင်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား အောက်ပါအချက်များကို အမြန်ဆုံး အတိအကျ ဖြစ်မြောက်အောင် လိုက်နာရန် လေးလေးနက်နက် တောင်းဆိုလိုက်သည်။

1. ပတ္တနိကုဇ္ဇနကံဆောင် ဗုဒ္ဓဘာသာရဟန်းသံဃာတော်တို့အပေါ် ကာယကံ၊ ဝစီကံ၊ မနောကံဖြင့် ပြစ်မှားမိသည်များကို ပြန်လည် ဝန်ချ တောင်းပန်ရန်၊
2. ရွှေဝါရောင်တော်လှန်ရေးအတွင်း ပါဝင်အားပေးကူညီမှုကြောင့် မတရားသော ဥပဒေများဖြင့် ဖမ်းဆီး ထောင်ချခံနေရသူများနှင့်တကွ ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေး အကျဉ်းသားအားလုံးကို ချွင်းချက်မရှိ အမြန်ဆုံး ပြန်လွှတ်ပေးရန်၊
3. ပြည်သူလူထုအား ဥပဒေမဲ့ မတရား ခြိမ်းခြောက် အနိုင်ကျင့် နှိပ်စက် ဖမ်းဆီး ထောင်ချခြင်း၊ အာဏာ အလွဲသုံးစားခြင်း၊ မြန်မာ့တပ်မတော်အား ခုတုံးလုပ်နေခြင်းတို့ကို အမြန်ဆုံး ရပ်ဆိုင်းရန်၊
4. လူထုအကျိုး၊ တိုင်းပြည်အကျိုးကို အမျိုးသားရေး တာဝန်ကြီးတရပ်အဖြစ် မှတ်ယူ၍ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အပါအဝင် ဒီမိုကရေစီ လိုလားသည့် နိုင်ငံရေးအင်အားစုများနှင့် အဓိပ္ပာယ် ပြည့်ဝစွာ တွေ့ဆုံဆွေးနွေးရန်။

ဂျပန်နိုင်ငံရောက် မြန်မာ့ဒီမိုကရေစီ အင်အားစုများ

၂၅-၉-၂၀၁၀

တိုကျို၊ ဂျပန်